CENTRE FOR LAW AND DEMOCRACY

ဥပဒေနှင့် ဒီမိုကရေစီ စင်တာ
info@law-democracy.org
+1 902 431-3688
www.law-democracy.org

# မြန်မာ– ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဆိုင်ရာ ဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့်ဥပဒေကို ဆန်းစစ်လေ့လာသုံးသပ်ခြင်း

## ၂၀၂၁ ခုနှစ်၊ နိုဝင်ဘာလ

၂၀၂၁ ခုနှစ် နိုဝင်ဘာလ ၁ ရက်နေ့တွင် မြန်မာနိုင်ငံ၏ အကူးအပြောင်း ကြားကာလ အစိုးရဖြစ်သော နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဆိုင်ရာဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေအမှတ်၊ ၆၃/၂၀၂၁ ကို အတည်ပြုပြဋ္ဌာန်းခဲ့၏။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၁၉ အရ အရေးပေါ်အခြေအနေကြေညာချိန်တွင် "နိုင်ငံတော်အာဏာလွှဲအပ်ခြင်းခံရသည့် တပ်မတော် ကာကွယ်ရေးဦးစီးချုပ်သည် ဥပဒေပြုရေး အာဏာ၊ အုပ်ချုပ်ရေးအာဏာနှင့် တရားစီရင်ရေးအာဏာတို့ကို ကျင့်သုံးဆောင်ရွက်ခွင့်ရှိသည်"။ သို့သော် ဤဥပဒေပုဒ်မကို အတည်ပြုပြဋ္ဌာန်းခြင်းမပြုမီ အများပြည်သူတို့နှင့် ဆွေးနွေးညှိနှိုင်းမှုများ ပြုလုပ်ခဲ့ခြင်း မရှိချေ။

ဤပြင်ဆင်ချက်ကြောင့် ဖြစ်ပေါ်လာသော အဓိက ပြောင်းလဲမှုများအနက် ပထမဦးဆုံးအချက်မှာ ၂၀၁၅ ခုနှစ် ရုပ်မြင်သံကြားနှင့်အသံထုတ်လွှင့်ခြင်းဆိုင်ရာဥပဒေ (အမှတ် ၅၃/၂၀၁၅) ၏ ပုဒ်မ ၂(က) တွင် ဖော်ပြထားသော "ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်း" အဓိပ္ပါယ်ဖွင့်ဆိုချက်၏ အတိုင်းအတာကို သိသိသာသာ ချဲ့ထွင်ရန်အတွက် "ယင်းစကားရပ်တွင် အင်တာနက်မှတစ်ဆင့်ထုတ်လွှင့်သည့် ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်မှုများ အကျုံးဝင်ခြင်း မရှိစေရ" ဟူသော ပြဋ္ဌာန်းချက်အစား "ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်သည့် အစီအစဉ်များကို အများပြည်သူက တိုက်ရိုက်ဖမ်းယူရရှိနိုင်စေရေးအတွက် မြေပြင်အခြေစိုက် ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်စက်များ၊ မြေပေါ်မြေအောက်ဆက်ကြောင်းကြိုးများ၊ ဂြိုဟ်တုများမှတစ်ဆင့် ထုတ်လွှင့်ခြင်း သို့မဟုတ် အခြားနည်းပညာတစ်ရပ်ရပ်ကို အသုံးပြု၍ ထုတ်လွှင့်ခြင်းကို ဆိုသည်" ဟူသော စကားရပ်ကို အစားထိုးပြဋ္ဌာန်း၏။ ဒုတိယအချက်အနေဖြင့် ပုဒ်မ ၉၆–၉၉ ပါ ပြစ်မှုနှင့် ပြစ်ဒဏ်များတွင် "အနည်းဆုံးခြောက်လမှ အများဆုံး ငါးနှစ်ထိ ထောင်ဒဏ်" များကို ဖြည့်စွက်ပြဋ္ဌာန်း၏။ တတိယအချက်အနေဖြင့် အသစ်ဖြည့်စွက်ထားသော ပုဒ်မ ၉၉(က) တွင် "မည်သူမဆို ပုဒ်မ ၁၀၆ အရ ထုတ်ပြန်သည့် နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက် သို့မဟုတ် လုပ်ထုံးလုပ်နည်း တစ်ရပ်ရပ်ကို လိုက်နာရန် ပျက်ကွက်ကြောင်း သို့မဟုတ် ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး တစ်နှစ်မှ အများဆုံး ငါးနှစ်ထိ ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ်သိန်း ၁၀၀ မှ အများဆုံး ကျပ်သိန်း ၅၀၀ အထိ (အမေရိကန် ဒေါ်လာ ၅,၅၀၀ မှ ၂၇,၅၀၀ ခန့်) ငွေဒဏ်ဖြစ်စေ ချမှတ်ရမည့်အပြင် ပြစ်မှုနှင့် သက်ဆိုင်သည့် ပစ္စည်းများကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းရမည်" ဟူ၍ ပြဋ္ဌာန်း၏။ ဤဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေ၏ နိဂုံးပိုင်းတွင် ဤပြစ်မှုများအတွက် တရားရုံး၏ ဖမ်းဝရမ်း မလိုအပ်ကြောင်း ဖော်ပြရန်အလို့ငှာ ပုဒ်မ ၁၀၅ ၏ နောက်၌ ပုဒ်မ ၁၀၅–က အဖြစ် "ဤ

ဥပဒေပါ ပြစ်မှုများကို ရဲအရေးယူပိုင်ခွင့်ရှိသော ပြစ်မှုများအဖြစ် သတ်မှတ်သည်”ဟူ၍ အသစ် ဖြည့်စွက်ပြဋ္ဌာန်း၏။

ဤဒုတိယအကြိမ် ဥပဒေပြင်ဆင်ချက်အားလုံးသည် လွတ်လပ်စွာထုတ်ဖော်ရေးသားပြောဆိုခြင်းနှင့် ရာဇဝတ်ပြစ်မှုလုပ်ငန်းစဉ်ဆိုင်ရာ နိုင်ငံတကာဥပဒေစံနှုန်းရှုထောင့်အရ ပြဿနာ များစွာ ရှိလေ၏။ စင်စစ် ထိုဥပဒေပြင်ဆင်ချက်အားလုံးကို တစ်ပေါင်းတည်း ရှုမြင်သုံးသပ်လျှင် ယင်း၏ နောက်ကွယ်ရှိ အဓိက ရည်ရွယ်ချက်မှာ “စစ်အစိုးရကို ဝေဖန်သော အသံလွှင့်မှု သို့မဟုတ် ရုပ်သံဗီဒီယိုထုတ်လွှင့်မှုများကို အွန်လိုင်းမှ ဖြန့်ဝေသည့် ပုဂ္ဂိုလ်များကို ထောင်ဒဏ်များ ချမှတ်ခွင့်ပြုရန်ဖြစ်သည်” ဟူသော ကောက်ချက်ကို ရှောင်လွှဲရန် ခက်ခဲပေမည်။ ဤဆန်းစစ်ချက်အရ အောက်ဖော်ပြပါ ကဏ္ဍများသည် “ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်း” အဓိပ္ပာယ်ဖွင့်ဆိုချက်၏ နယ်ပယ်အသီးသီးနှင့် (ပြစ်ဒဏ်ချမှတ်ခြင်းနှင့် ရာဇဝတ်ပြစ်မှုဆိုင်ရာ အာမခံပေးခြင်း ဟူသော) အခြားကိစ္စရပ်များအပေါ် စူးစိုက်လေ့လာချက်များ ဖြစ်လေ၏။

## ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်မှု နယ်ပယ်

ဤဒုတိယအကြိမ် ဥပဒေပြင်ဆင်ချက်ပါ “ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်း” ဟူသော စကားရပ်ကို နားလည်မှသာ ၂၀၁၅ ခုနှစ် ရုပ်မြင်သံကြားနှင့်အသံထုတ်လွှင့်ခြင်းဆိုင်ရာဥပဒေ၌ “ရုပ်မြင်သံကြား” သို့မဟုတ် “ရေဒီယို” ဟူ၍ အမျိုးအစား မခွဲခြားဘဲ ပြဋ္ဌာန်းခဲ့သော မူလအဓိပ္ပာယ်နယ်ပယ်ကို မည်သို့ ချဲ့ထွင်ဖွင့်ဆိုလိုက်ကြောင်း အတိအကျ သိရှိနိုင်မည်ဖြစ်၏။ ၂၀၁၅ ခုနှစ် ဥပဒေပါ “အင်တာနက်မှတစ်ဆင့် ထုတ်လွှင့်သည့် ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်မှုများ အကျုံးဝင်ခြင်း မရှိစေရ” ဟူသော ပိုင်းကန့်ပြဋ္ဌာန်းချက်ကို ဤဒုတိယအကြိမ် ဥပဒေပြင်ဆင်ချက်၌ ပယ်ဖျက်လိုက်သဖြင့် ဤပြင်ဆင်ချက်များ၏ နောက်ကွယ်ရှိ ရည်ရွယ်ချက်မှာ အနိမ့်ဆုံးအနေဖြင့် အချို့သော ရုပ်သံဗီဒီယိုထုတ်လွှင့်မှုများ သို့မဟုတ် အသံလွှင့်မှုများကို အွန်လိုင်း၌ ဖြန့်ဝေခြင်းကိုပါ အကျုံးဝင်စေရန်အလို့ငှာ ပြင်ဆင်ပြဋ္ဌာန်းသည်မှာ သေချာသော်လည်း ယင်း၏ နယ်ပယ်ကို မည်မျှ ဝေးဝေး ချဲ့ထွင်လိုက်ကြောင်းကိုမူ ရှင်းရှင်းလင်းလင်း မသိရသေးချေ။ အဆုံးစွန်ဆုံးအထိ တွက်ဆလျှင် YouTube, Facebook သို့မဟုတ် TikTok ကဲ့သို့သော စီးပွားရေးလုပ်ငန်းသုံး ဝဘ်ဆိုက်များပေါ်တွင် ပျံ့နှံ့နေသည့် ရုပ်သံဗီဒီယို သို့မဟုတ် အသံဖိုင်ကိုပင် အကျုံးဝင်အောင် ပြဋ္ဌာန်းလိုက်သည်ဟူ၍ မှတ်ယူနိုင်၏။ အခြားရှုထောင့်မှ သုံးသပ်လျှင် ဤပြင်ဆင်ချက်တွင် ကိုယ်ပိုင်ဝဘ်ဆိုက်တစ်ခုမှ ရုပ်သံဗီဒီယို သို့မဟုတ် အသံထုတ်လွှင့်မှုကို တစ်ကြိမ်တစ်ခါ ဖြန့်ဝေသူ မည်သူမဆို၊ ရုပ်သံဗီဒီယို သို့မဟုတ် အသံထုတ်လွှင့်မှုကို ပုံမှန် ဖြန့်ဝေသူ မည်သူမဆို၊ သို့မဟုတ် ၎င်းတို့၏ ထုတ်လွှင့်မှုများ၌ သတင်းအချက်အလက်များ ထည့်သွင်းမိသူ မည်သူမဆို အကျုံးဝင်နိုင်၏။ ရုပ်သံဗီဒီယို သို့မဟုတ် အသံဖိုင်များကို ဖြန့်ဝေသော ပုံနှိပ်မီဒီယာတံခါးပေါက်များ (မျက်မှောက်ခေတ်၌ တွင်ကျယ်လျက်ရှိသည့် ထိုကဲ့သို့သော လုပ်ငန်းများအားလုံးနီးပါးလည်း) အကျုံးဝင်နိုင်၏။ သို့မဟုတ် ရေဒီယို သို့မဟုတ် ရုပ်မြင်သံကြားဌာနများနှင့် ပို၍ နီးစပ်ဆင်တူသော အွန်လိုင်းအဖွဲ့အစည်းများကိုသာ ကွက်၍ အကျုံးဝင်စေနိုင်၏။ အခြားဖြစ်နိုင်ခြေတစ်ခုမှာ “ပုဒ်မ ၁၀၆ အရ ထုတ်ပြန်သည့် နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက် သို့မဟုတ် လုပ်ထုံးလုပ်နည်း တစ်ရပ်ရပ်ကို” လိုက်နာရန်

ပျက်ကွက် သို့မဟုတ် ဖောက်ဖျက်ကျူးလွန်သူ မည်သူကိုမဆို ပြစ်ဒဏ်ချမှတ်နိုင်သည်အထိ အကျုံးဝင်မှုနယ်ပယ် ကျယ်ပြန့်သွားနိုင်၏။[1]

နိုင်ငံတကာဥပဒေအရ လွတ်လပ်စွာ ထုတ်ဖော်ရေးသားပြောဆိုခြင်းအပေါ် ကန့်သတ်ချက်မှန်သမျှကို ရှင်းလင်းမြင်သာပြီး လိုက်နာဆောင်ရွက်ရန် လက်လှမ်းမီနိုင်သော ဥပဒေတစ်ရပ်ဖြင့် ပြဋ္ဌာန်းသတ်မှတ်ရန်ဖြစ်၏။ စင်စစ် “ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်း”အဓိပ္ပာယ်နယ်ပယ်ကို ချဲ့ထွင်ဖွင့်ဆိုခြင်း၏ အကျိုးသက်ရောက်မှုများသည် လွတ်လပ်စွာ ထုတ်ဖော်ရေးသားပြောဆိုခွင့်အပေါ် ကန့်သတ်ချုပ်ချယ်ခြင်းကို ကိုယ်စားပြုလျက်ရှိကြောင်း အောက်ဖော်ပြပါ ဆွေးနွေးချက်များ၌ ရှင်းလင်းစွာ ဖော်ပြထား၏။ ထို့ကြောင့် ရှင်းလင်းတိကျမှုမရှိသော, ယခုလို အဓိပ္ပါယ်ဖွင့်ဆိုချက်အသစ်သည် လွတ်လပ်စွာ ထုတ်ဖော်ရေးသားပြောဆိုခြင်းကို ကန့်သတ်ရန် တရားမဝင် ပြဋ္ဌာန်းချက်တစ်ခုအဖြစ် ရည်ညွှန်းလျက်ရှိ၏။

“ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်း”အဓိပ္ပာယ်နယ်ပယ်ကို ချဲ့ထွင်ဖွင့်ဆိုမှု၏ အထင်ရှားဆုံးသော သက်ရောက်မှုကို ၂၀၁၅ ခုနှစ် ဥပဒေပုဒ်မ ၃၁(က) အရ “ရုပ်မြင်သံကြားနှင့်အသံထုတ်လွှင့်ခြင်း ဝန်ဆောင်မှုလုပ်ငန်း လုပ်ကိုင်လိုသူသည်- သက်ဆိုင်ရာလုပ်ငန်းကို စတင်လုပ်ကိုင်ခြင်းမပြုမီ လိုင်စင်ရရှိရန် သတ်မှတ်ချက်နှင့်အညီ ကောင်စီသို့ လျှောက်ထားနိုင်သည်” ဟူသော ပြဋ္ဌာန်းချက်ဖြင့် စိစစ်ကြည့်နိုင်၏။ ထိုဥပဒေပုဒ်မ ၁၄(ခ) အရ ကောင်စီသည် ရုပ်သံထုတ်လွှင့်ခွင့်လိုင်စင် ထုတ်ပေးရန် တာဝန်ရှိပြီး၊ ပုဒ်မ ၃၁-၃၆ တို့အရ လိုင်စင်လျှောက်ထားခြင်းလုပ်ငန်းစဉ်ကို စီမံခန့်ခွဲရန် ကြောင်းကျိုးဆီလျော်သော အသေးစိတ်စည်းမျဉ်းများ ချမှတ်ပေးထား၏။ ထိုသို့ လိုင်စင်ချထားပေးရာ၌ ပုဒ်မ ၃၄(က) ပါ “လူဦးရေသိပ်သည်းမှုများပြားသောဒေသများ၌ စီးပွားရေးအရ ထုတ်လွှင့်သည့် ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်း ဝန်ဆောင်မှုလုပ်ငန်းများအတွက် ဈေးပြိုင်စနစ်ကျင့်သုံးခြင်း” မူဝါဒအပေါ် မူတည်၍ ဆောင်ရွက်ကြောင်း သိသာစွာ ဖော်ပြထား၏။ ထို့အပြင် ပုဒ်မ ၄၂(ဃ) အရ ကောင်စီက လိုင်စင်ကို ရုပ်သိမ်းနိုင်သော အခြေအနေအမျိုးမျိုးကိုလည်း ပြဋ္ဌာန်းထား၏။ လိုင်စင်ရရှိသူများသည် ပုဒ်မ ၄၅ အရ လိုင်စင်ကြေးကိုလည်း ပေးဆောင်ရမည်ဖြစ်ပြီး၊ “မည်သူမျှ လိုင်စင်မရှိဘဲ ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်း ဝန်ဆောင်မှုလုပ်ငန်းတစ်ရပ်ရပ်ကို လုပ်ကိုင်ခြင်းမပြုရ” ဟူ၍ ပုဒ်မ ၉၂, ၉၃ နှင့် ၉၅ တို့အရ တားမြစ်ထားပြီး၊ ချိုးဖောက်လျှင် ဒဏ်ငွေဆောင်ရမည်ဖြစ်ကြောင်း ပြဋ္ဌာန်းခဲ့ရာ ယခု ဒုတိယအကြိမ် ပြင်ဆင်ချက်၌မူ ထောင်ဒဏ်များကိုပါ ထပ်ဖြည့်သတ်မှတ်ခဲ့၏။ (ပုဒ်မ ၉၆, ၉၇ နှင့် ၉၉ တို့ကို ကြည့်ပါ)။

နိုင်ငံတကာဥပဒေရှုထောင့်မှ ကြည့်လျှင် ရုပ်သံထုတ်လွှင့်သူများအား လိုင်စင်ရယူရန် တရားဝင်တောင်းဆိုနိုင်သော်လည်း ပုံနှိပ်မီဒီယာများကို တောင်းဆိုခြင်းမှာမူ မသင့်လျော်ချေ။ စင်စစ် ပုံနှိပ်မီဒီယာများ မှတ်ပုံတင်ရန်အတွက် လိုအပ်ချက်များ ပြဋ္ဌာန်းခြင်းကိုပင် နိုင်ငံတကာဥပဒေအရ သံသယဖြင့် စောင့်ကြည့်လျက်ရှိပြီး၊ အကယ်၍ တာဝန်ရှိသူများက ပုံနှိပ်မီဒီယာအတွက် မှတ်ပုံတင်ပေးရန် ငြင်းပယ်လျှင် တရားမဝင်ချေ။ ဥပမာအားဖြင့်- ကုလသမဂ္ဂ၏ လွတ်လပ်စွာ ဆန္ဒဖော်ထုတ်ခွင့်ဆိုင်ရာ အထူးအစီရင်ခံစာတင်သွင်းသူ၊ ဥရောပဒေသ လုံခြုံရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့အစည်း (OSCE) ၏ မီဒီယာလွတ်လပ်ခွင့် ကိုယ်စားလှယ်နှင့် အမေရိကန်ပြည်နယ်များအဖွဲ့အစည်း (OAS) ၏ လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်ဆိုင်ရာ အထူးအစီရင်ခံစာတင်သွင်းသူတို့၏ ၂၀၀၃ ခုနှစ် ပူးတွဲကြေညာချက်တွင် အောက်ပါအတိုင်း ဖော်ပြထား၏။

[1] ပုံမှန်အားဖြင့် ရုပ်မြင်သံကြားနှင့်အသံထုတ်လွှင့်ခြင်းဆိုင်ရာဥပဒေအရ ဤကဲ့သို့သော ဥပဒေပြင်ဆင်ချက်များကို အစိုးရအဖွဲ့၏ သဘောတူညီချက်နှင့်အညီ ပြန်ကြားရေးဝန်ကြီးဌာနကသာ ထုတ်ပြန်လေ့ရှိ၏။

> ပုံနှိပ်မီဒီယာများ မှတ်ပုံတင်ရန်အတွက် လိုအပ်ချက်များ အထူးတလည် ပြဋ္ဌာန်းခြင်းသည် မလိုအပ်သော ကိစ္စများ ဖြစ်ပြီး၊ ထိုစည်းမျဉ်းစည်းကမ်းများကို အလွဲသုံးစားပြုလုပ်နိုင်သဖြင့် ယင်းကို ရှောင်ရှားသင့်၏။ ပုံနှိပ်မီဒီယာများအား မှတ်ပုံတင်ပေးရန် ငြင်းဆိုခွင့်ပြုသော စည်းမျဉ်းစနစ်များ၊ အစိုးရနှင့် ဆက်စပ်နေသော လွတ်လပ်ခြင်း မရှိသည့် အဖွဲ့အစည်းများက ပုံနှိပ်မီဒီယာများအတွက် ပြောင်းလွယ်ပြင်လွယ် မရှိသော အခြေအနေများ ဖန်တီးပေးခြင်း သို့မဟုတ် ကြီးကြပ်ခြင်းတို့သည် အလွန်ပင် ပြဿနာများလှ၏။[2]

စင်စစ် ပုံနှိပ်မီဒီယာတံခါးပေါက်များက ၎င်းတို့၏ ဝဘ်ဆိုဒ်များမှတစ်ဆင့် အသံဖိုင်များနှင့် ရုပ်မြင်သံကြား ထုတ်လွှင့်မှုများကို ဆောင်ရွက်ပေးခြင်းအား ၂၀၀၃ ခုနှစ် ပူးတွဲကြေငြာချက်ကို လက်ခံကျင့်သုံးချိန်မှစ၍ အများသုံး အလေ့အထအဖြစ် တွင်ကျယ်လာသော အချက်က ဤစံနှုန်းအပေါ် ထိခိုက်မှု မရှိကြောင်း ထင်ရှားလေ၏။

အထူးအစီရင်ခံစာတင်သွင်းသူများက အင်တာနက်ပေါ်မှ လုပ်ဆောင်မှုများအတွက် လိုင်စင်ထုတ်ပေးခြင်းဆိုင်ရာ ကိစ္စရပ်များကို အထူးတလည် ကိုင်တွယ်ဖြေရှင်းခြင်း မရှိခဲ့သော်လည်း၊ အင်တာနက်ပေါ်၌ လွတ်လပ်စွာ ဆက်သွယ်ပြောဆိုနိုင်မှုဆိုင်ရာ ဥရောပကောင်စီ၏ ကြေညာစာတမ်းတွင် ဤပြဿနာအား ကိုင်တွယ်ဖြေရှင်း သည့်အနေဖြင့် ယင်း၏ စည်းမျဉ်း-၄ ၌ ဖော်ပြခဲ့ပုံကို အောက်ပါ ကောက်နုတ်ချက်တစ်စိတ်တစ်ပိုင်းအရ သိနိုင်၏။

> ထို့အပြင် ဥပမာအားဖြင့်- ဝဘ်ဆိုဒ်တစ်ခုကို တည်ထောင်၍ မီဒီယာကိစ္စလုပ်ဆောင်ခြင်း၌ အများသူငါ တက်ကြွစွာ ပူးပေါင်းပါဝင်လာရုံမျှဖြင့် မည်သည့်လိုင်စင်မျိုးကိုမဆို သို့မဟုတ် အလားတူ အကျိုးသက်ရောက်မှုရှိသော အခြားလိုအပ်ချက်များကိုမဆို ရယူစေရန် မပြဋ္ဌာန်းသင့်ပေ။ [3]

လူမှုမီဒီယာမှတစ်ဆင့် လူတစ်ဦးချင်းစီ၏ လုပ်ငန်းဆောင်တာများအတွက် လိုင်စင်လိုအပ်သည်ဟူ၍ ပြဋ္ဌာန်းရန် ကြိုးစားခြင်းသည် လက်တွေ့မကျသည်မှာ ထင်ရှား၏။ မည်သို့အကြောင်းပြချက်ဖြင့်ဖြစ်စေ ယင်းသို့ ပြဋ္ဌာန်း ခြင်းသည် ဝဘ်ဆိုက်တစ်ခုချင်းစီကို လိုင်စင်ထုတ်ပေးခြင်းထက် ပိုမို၍ လွတ်လပ်စွာ ထုတ်ဖော်ရေးသားပြောဆို ခွင့်ကို ဆိုးရွားစွာ ချိုးဖောက်ခြင်းကို ကိုယ်စားပြုနေ၏။

ရေဒီယို သို့မဟုတ် ရုပ်မြင်သံကြားဌာနများအဖြစ် ထိထိရောက်ရောက် လည်ပတ်နေသော အွန်လိုင်းအဖွဲ့အစည်း များအား လိုင်စင်ရယူစေရန် ပြဋ္ဌာန်းမှုသည် ဥပဒေနှင့် ညီ/မညီဟူသော မေးခွန်းမှာ ပို၍ပင် ရှုပ်ထွေးလှ၏။ သို့သော် ဒီမိုကရေစီနိုင်ငံအများစု၌မူ ထိုစည်းမျဉ်းမျိုးကို ကျင့်သုံးလေ့မရှိချေ။ အခြား ရုပ်သံထုတ်လွှင့်သူများအား လိုင်စင်ထုတ်ပေးရန်အတွက် အဓိကအကြောင်းပြချက်တစ်ခုဖြစ်သော “ရှားပါးမှု” ဟူသည် အွန်လိုင်းပေါ်၌ လုံးဝ မရှိချေ။ ထို့အပြင် အွန်လိုင်းပေါ်၌ ရုပ်သံထုတ်လွှင့်သူများကို လိုင်စင်ချထားပေးခြင်းသည် ဤကဏ္ဍ၏ ကြီးထွားမှု နှင့် ဖွံ့ဖြိုးတိုးတက်မှုကို အဟန့်အတား ဖြစ်စေနိုင်ပြီး, လွတ်လပ်စွာ ထုတ်ဖော်ရေးသားပြောဆိုခွင့်၏ အဓိက

---

[2] ၂၀၀၃ ခုနှစ်၊ ဒီဇင်ဘာလ ၁၈ ရက်တွင် အတည်ပြု ပြဋ္ဌာန်းခဲ့၏။ ၁၉၉၉ ခုနှစ်ကတည်းက စတင်ကာ လွတ်လပ်စွာ ထုတ်ဖော်ရေးသားပြောဆိုခွင့် ရရှိရေး ဦးတည်ချက်များအတွက် အတူတကွ လက်ခံကျင့်သုံးခဲ့သော အထူးအစီရင်ခံစာတင်သွင်းသူတို့၏ ပူးတွဲကြေညာချက်များအားလုံးကို ဤနေရာ၌ ဖတ်ရှုနိုင်၏။ https://www.osce.org/fom/66176. See also General Comment No. 34, 12 September 2011, para. 39, https://www2.ohchr.org/english/bodies/hrc/docs/gc34.pdf. General Comments are authoritative interpretations of rights that are issued periodically by the UN Human Rights Committee, the official body that oversees compliance with the *International Covenant on Civil and Political Rights* (ICCPR), the main UN treaty guaranteeing civil and political human rights.

[3] ၂၀၀၃ ခုနှစ်၊ မေလ ၂၈ ရက်နေ့တွင် ဝန်ကြီးများကော်မတီက ပြဋ္ဌာန်းခဲ့၏။ https://search.coe.int/cm/Pages/result_details.aspx?ObjectId=09000016805dfbd5.

တန်ဖိုးဖြစ်သော မတူကွဲပြားမှုကို ထိခိုက်စေနိုင်၏။ လိုင်စင်ရ ရုပ်သံထုတ်လွှင့်သူများနှင့် (ဝယ်လိုအား မြင့်မားသော သို့မဟုတ် ယခုအခါ ပြည့်စုံသော ထိပ်တန်းဝန်ဆောင်မှုများပေးနိုင်ပြီ ဖြစ်သော) စည်းမျဉ်းကန့်သတ်ချက်များမှ ကင်းလွတ်လျက် ကျယ်ကျယ်ပြန့်ပြန့် လွတ်လပ်စွာ လုပ်ငန်းလည်ပတ် ဆောင်ရွက်နေသည့် Netflix သို့မဟုတ် Amazon Prime Video စသည်တို့အကြား မည်သို့သော တရားမျှတသည့် ပြိုင်ဆိုင်မှု ရရှိစေနိုင်မည်နည်းဟူသော အချက်အပေါ် ဆက်လက် ငြင်းခုန်နေရဆဲဖြစ်လေ၏။

အနိမ့်ဆုံးအနေဖြင့် နိုင်ငံတကာဥပဒေနှင့်အညီ တရားဝင်ဖြစ်စေရေးအတွက် အွန်လိုင်းရုပ်သံထုတ်လွှင့်ခွင့်လိုင်စင် ရရှိစေမည့် လိုအပ်ချက်မှန်သမျှကို သတ်မှတ်ရာ၌ မည်သည့်ဝန်ဆောင်မှုများကို အသုံးချမည်, ရေဒီယို သို့မဟုတ် ရုပ်မြင်သံကြားဌာနများအဖြစ် ထိထိရောက်ရောက် လည်ပတ်နိုင်သည့် အဖွဲ့အစည်းများအတွက် ကန့်သတ်ပြဋ္ဌာန်းသင့်သည်, တရားမျှတသော ပြိုင်ဆိုင်မှု သို့မဟုတ် မတူကွဲပြားမှုကို မြှင့်တင်ခြင်းကဲ့သို့သော ဥပဒေနှင့် ကိုက်ညီသည့် ရည်ရွယ်ချက်ကို ရည်ညွှန်း ထည့်သွင်းပြဋ္ဌာန်းမည့် အလွန်ရှင်းလင်းသော အဓိပ္ပါယ်ဖွင့်ဆိုချက်တစ်ခု လိုအပ်၏။ ရလဒ်အနေဖြင့် အကျိုးအမြတ် ရယူခြင်း မရှိသော အော်ပရေတာများအား တာဝန်တစ်ရပ်အနေဖြင့် လိုင်စင်တစ်ခု မဖြစ်မနေ ရယူရန် ပြဋ္ဌာန်းခြင်းမှ ရှင်းရှင်းလင်းလင်း ကင်းလွတ်ခွင့် ရရှိစေမည် ဖြစ်၏။ သို့သော် ယခု ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဆိုင်ရာဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့်ဥပဒေမှာမူ ဤစံနှုန်းများနှင့် မကိုက်ညီကြောင်း ထင်ရှားစွာ တွေ့ရ၏။

၂၀၁၅ ခုနှစ် ရုပ်မြင်သံကြားနှင့်အသံထုတ်လွှင့်ခြင်းဆိုင်ရာဥပဒေ၌လည်း "အများပြည်သူဝန်ဆောင်မှု, စီးပွားရေး အရထုတ်လွှင့်မှု, လူမှုအသိုက်အဝန်းများအတွက် ထုတ်လွှင့်မှု, အစိုးရဌာနပိုင် ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်း ဝန်ဆောင်မှုလုပ်ငန်းများ"ဟူသော ကွဲပြားခြားနားသည့် ဝန်ဆောင်မှုလုပ်ငန်းများ (ပုဒ်မ ၄၆-၆၆) နှင့် ရုပ်သံထုတ်လွှင့်ခြင်း ဝန်ဆောင်မှုအားလုံးကို စီမံခန့်ခွဲသော စည်းမျဉ်းများစွာကို ဖော်ပြထား၏။ ထို့နောက် အောက်ပါတို့ကို ဆက်လက်ပြဋ္ဌာန်း၏။

- မြန်မာဘာသာနှင့် အခြားတိုင်းရင်းသားဘာသာတစ်ခုခုကို အသုံးပြု၍ တစ်နိုင်ငံလုံးအတိုင်း အတာဖြင့် ထုတ်လွှင့်သည့် ရေဒီယိုအသံထုတ်လွှင့်ခြင်းလုပ်ငန်းများတွင် ထုတ်လွှင့်သောအစီအစဉ်များ၏ အနည်းဆုံး ရာခိုင်နှုန်းများ။ (ပုဒ်မ ၆၇)
- အထူးအစီအစဉ်များ ထုတ်လွှင့်ရာတွင် မည်သည့်ပရိသတ်အမျိုးအစားအတွက် ဖြစ်သည်ဆိုသည်ကို ဖော်ပြရမည်။ (ပုဒ်မ ၆၉)
- ရုပ်မြင်သံကြားနှင့်အသံထုတ်လွှင့်ခြင်းဝန်ဆောင်မှုလုပ်ငန်းများသည် ရုပ်ပုံ၊ အသံ၊ ဓာတ်ပုံနှင့် မှတ်တမ်းမှတ်ရာများကို ထုတ်လွှင့်ပြီးနောက် အနည်းဆုံး ၂၈ ရက် ထိန်းသိမ်းထားရမည်။ (ပုဒ်မ ၇၀)
- သမိုင်းတန်ဖိုးကြီးမားသော ရုပ်မြင်သံကြားနှင့်အသံထုတ်လွှင့်သည့် အစီအစဉ်များ၏ မှတ်တမ်း တစ်စုံကို အမျိုးသားမော်ကွန်းတိုက်နှင့် အမျိုးသားပြတိုက်သို့ ပေးပို့ရမည်။ (ပုဒ်မ ၇၁)
- ကြော်ငြာများ ရိုက်ကူးထုတ်လုပ်ခြင်းဆိုင်ရာ စည်းမျဉ်းများကို လေးစားလိုက်နာခြင်း။ (ပုဒ်မ ၇၂-၇၄)
- ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းလုပ်ငန်းဆိုင်ရာ လိုက်နာရမည့် ကျင့်ဝတ်များ။ (ပုဒ်မ ၇၅-၈၂) ယင်းတို့အနက် "သတင်းနှင့် လတ်တလောဖြစ်ရပ်အစီအစဉ်များတွင် ညီညွတ်မျှတမှု၊ ဘက်မလိုက်မှုနှင့် တိကျမှန်ကန်မှုရှိစေရန် ကြိုးစားဆောင်ရွက်မှု၊ ကြည့်ရှုသူ၏ အသက်အပိုင်းအခြားကိုလိုက်၍ ရုပ်ရှင်နှင့် အစီအစဉ်များကို အမျိုးအစားခွဲခြားသတ်မှတ်ဖော်ပြမှု၊ အများလက်ခံထားသည့် တင်ဆက်မှုပုံစံ၊ ယဉ်ကျေးသိမ်မွေ့မှုနှင့် လူမှုကျင့်ဝတ်တန်ဖိုးများနှင့်အညီ ဖော်ပြမှု၊ ဘာသာရေးဆိုင်ရာများ၊ လူနည်းစု

လူမျိုးစုများ၊ အမျိုးသမီးများနှင့် အမျိုးသားများ၊ အရွယ်မရောက်သေးသူ လူငယ်များနှင့် အားနည်းချက်ရှိသော အုပ်စုများအပေါ် ဆက်ဆံမှု၊ ပြစ်မှုများနှင့်လူ့ကျင့်ဝတ်ဖောက်ဖျက်မှုများအား သတင်းရယူမှု" စသည့် လိုက်နာရမည့် ကျင့်ဝတ်များ ပါဝင်၏။

- မှားယွင်းထုတ်လွှင့်မှုအတွက် ပြင်ဆင်ချက် ထည့်သွင်းခြင်းနှင့် တုံ့ပြန်ဖြေရှင်းခွင့်။ (ပုဒ်မ ၈၄-၈၆)

ဥပမာအားဖြင့်- ကြော်ငြာဗီဒီယိုကလစ်တစ်ခုကို ပရိသတ်ထံ အကြောင်းပြန်ကြားခွင့်ပြုသော ဝဘ်ဆိုက်တွင် တင်နိုင်ရန် သို့မဟုတ် (ကလေးသူငယ်များ, အားနည်းချက်ရှိသော အုပ်စုများ စသော) အထူးပရိသတ်တို့အတွက် အစီအစဉ်များထုတ်လုပ်ရန် (တရားဝင် လိုင်စင်ရ) စီးပွားရေးကုမ္ပဏီတစ်ခု လိုအပ်နေခြင်း သို့မဟုတ် လွတ်လပ်သော ထုတ်လုပ်သူများထံ အချိန်ခွဲဝေပေးရန် ကိုယ်ပိုင်ဗီဒီယိုဘလော့ဂါတစ်ဦး လိုအပ်နေခြင်းမျိုးကို စိတ်ကူးကြည့်လျှင်ပင် မည်မျှ အခိပ္ပာယ် ကင်းမဲ့ကြောင်း သိရှိနိုင်၏။ အထူးသဖြင့် ကျင့်ဝတ်စည်းကမ်းများသည် စီးပွားဖြစ် ရုပ်သံထုတ်လွှင့်သူများအတွက်သာ သီးသန့် ရည်ရွယ်ပြဋ္ဌာန်းချက်မျိုး ဖြစ်လေ၏။

## အကြံပြုချက်များ

- ဒုတိယအကြိမ် ပြင်ဆင်ချက်မှ "ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်း" အဓိပ္ပာယ်ဖွင့်ဆိုချက်ကို လုံးဝဖယ်ရှားပြီး ၂၀၁၅ ခုနှစ် မူလဥပဒေလာ ယင်း၏အစောပိုင်း အဓိပ္ပာယ်ဖွင့်ဆိုချက်ဖြင့် ပြန်လည် အစားထိုးသင့်၏။
- အနိမ့်ဆုံးအဆင့်အနေဖြင့် "ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်း"အဓိပ္ပာယ်ဖွင့်ဆိုချက်သည် အွန်လိုင်းမှ ထုတ်လွှင့်ဖြန့်ဝေခြင်းအတွက် အကျုံးဝင်စေလိုလျှင် ယင်း၏ နယ်ပယ်ကို ရှင်းလင်းတိကျစွာ သတ်မှတ်ရန်လိုအပ်ပြီး၊ ရေဒီယို သို့မဟုတ် ရုပ်မြင်သံကြားဌာနများအဖြစ် ထိထိရောက်ရောက် လည်ပတ်နေသော အဖွဲ့အစည်းများအတွက် ကန့်သတ်ထားသင့်၏။ သို့မှသာ တရားဥပဒေနှင့်ကိုက်ညီသော ရည်ရွယ်ချက်နှင့်အညီ စီးပွားဖြစ် မဟုတ်သော အကျိုးအမြတ် မယူသည့် ဝန်ဆောင်မှုများကို ဖယ်ထုတ်ကာ တရားမျှတမှုကို ရရှိနိုင်မည်ဖြစ်၏။

## အခြား ပြဿနာများ

ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဆိုင်ရာဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့်ဥပဒေ၏ အရေးကြီးသော အစိတ်အပိုင်းတစ်ခုမှာ ၂၀၁၅ ခုနှစ် မူလဥပဒေ ပုဒ်မ ၉၆-၉၉ တွင် ပြဋ္ဌာန်းထားသော လက်ရှိ ဒဏ်ငွေများအပြင် ထောင်ဒဏ်များကိုပါ ပြစ်ဒဏ်အဖြစ် ဖြည့်စွက်ပြဋ္ဌာန်းကာ စီမံခန့်ခွဲရေးဆိုင်ရာအရေးယူမှုများကို ရာဇဝတ်ပြစ်မှုအဖြစ် သိသိသာသာ အသွင်ပြောင်းလိုက်ခြင်းပင် ဖြစ်၏။ ထိုပြင်ဆင်ဖြည့်စွက်ချက်များမှာ အောက်ပါအတိုင်း ဖြစ်၏။

- ("မည်သူမျှ လိုင်စင်မရှိဘဲ ရုပ်မြင်သံကြားနှင့်အသံထုတ်လွှင့်ခြင်း ဝန်ဆောင်မှုလုပ်ငန်းတစ်ရပ်ရပ်ကို လုပ်ကိုင်ခြင်းမပြုရ" ဟူသော ပုဒ်မ ၉၂ ကို ချိုးဖောက်ခြင်းအတွက်) ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဆိုင်ရာဥပဒေ ပုဒ်မ ၉၆ တွင် ပါရှိသော "ငွေဒဏ် ကျပ်သိန်း သုံးရာမှ ကျပ်သိန်း ငါးရာအထိ" ဆိုသည့်

စကားရပ်ကို "အနည်းဆုံးသုံးနှစ်မှ အများဆုံး ငါးနှစ်ထိ ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ်သိန်း ၃၀၀ မှ အများဆုံး ကျပ်သိန်း ၅၀၀ အထိ (အမေရိကန်ဒေါ်လာ ၁၆,၅၀၀–၂၇,၅၀၀ ခန့်) ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

- ("မည်သူမျှ လိုင်စင်သက်တမ်းကုန်ဆုံးပြီးနောက် ထပ်မံသက်တမ်းတိုးခြင်းမရှိဘဲ ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်း ဝန်ဆောင်မှုလုပ်ငန်းတစ်ရပ်ရပ်ကို ဆက်လက်လုပ်ကိုင်ခြင်းမပြုရ" ဟူသော ပုဒ်မ ၉၃ ကို ချိုးဖောက်ခြင်းအတွက်) ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဆိုင်ရာဥပဒေ ပုဒ်မ ၉၇ တွင်ပါရှိသော "ငွေဒဏ် ကျပ်သိန်း ငါးဆယ်မှ ကျပ်သိန်းတစ်ရာအထိ" ဆိုသည့်စကားရပ်ကို "အနည်းဆုံးခြောက်လမှ အများဆုံး တစ်နှစ်ထိ ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ်သိန်း ၅၀ မှ အများဆုံး ကျပ်သိန်း ၁၀၀ အထိ (အမေရိကန်ဒေါ်လာ ၂၇,၅၀ – ၅,၅၀၀ ခန့်) ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ" ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။
- ("လိုင်စင်လျှောက်ထားသည့်အခါ မည်သူမျှ ပုဒ်မ ၅၀– 'လုပ်ငန်းတစ်ခုစီထက်ပို၍ ပိုင်ဆိုင်ခွင့်မပြု'နှင့် ပုဒ်မ ၅၁ 'လုပ်ငန်းတစ်ခုကို ရာနှုန်းပြည့်ပိုင်ဆိုင်ထားပါက အခြားလုပ်ငန်းတစ်ခုကို ၃၀ ရာခိုင်နှုန်းထက် ပို၍ ခွင့်မပြုရ' တို့၌ ဖော်ပြထားသော ပြဋ္ဌာန်းချက်များကို လိုက်နာရန် ပျက်ကွက်ခြင်းမရှိစေရ"ဟူသော ပုဒ်မ ၉၄ ကို ချိုးဖောက်ခြင်းအတွက်) ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဆိုင်ရာဥပဒေ ပုဒ်မ ၉၈ တွင်ပါရှိသော "ငွေဒဏ် ကျပ်သိန်း တစ်ရာမှ ကျပ်သိန်း သုံးရာအထိ" ဆိုသည့်စကားရပ်ကို "အနည်းဆုံးတစ်နှစ်မှ အများဆုံး သုံးနှစ်ထိထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ်သိန်း ၁၀၀ မှ အများဆုံး ကျပ်သိန်း ၃၀၀ အထိ (အမေရိကန်ဒေါ်လာ ၅,၅၀၀–၁၆,၅၀၀ ခန့်) ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။
- ("မည်သူမျှ လိုင်စင်ရုပ်သိမ်းခြင်း သို့မဟုတ် ကာလအကန့်အသတ်ဖြင့် ရပ်ဆိုင်းခြင်း ပြုလုပ်ထားစဉ် ကာလအတွင်း ရုပ်မြင်သံကြားနှင့်အသံထုတ်လွှင့်ခြင်း ဝန်ဆောင်မှုလုပ်ငန်းတစ်ရပ်ရပ်ကို လုပ်ကိုင်ခြင်းမပြုရ" ဟူသော ပုဒ်မ ၉၅ ကို ချိုးဖောက်ခြင်းအတွက်) ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဆိုင်ရာဥပဒေ ပုဒ်မ ၉၉ တွင်ပါရှိသော "ငွေဒဏ် ကျပ်သိန်း သုံးရာမှ ကျပ်သိန်း ငါးရာအထိ" ဆိုသည့် စကားရပ်ကို "အနည်းဆုံးသုံးနှစ်မှ အများဆုံးငါးနှစ်ထိထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ်သိန်း ၃၀၀ မှ အများဆုံးကျပ်သိန်း ၅၀၀ အထိ (အမေရိကန်ဒေါ်လာ ၁၆,၅၀၀–၂၇,၅၀၀ ခန့်) ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ" ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဆိုင်ရာဥပဒေ ပုဒ်မ ၉၉ ၏ နောက်တွင် အသစ် ဖြည့်စွက်သော ပုဒ်မ ၉၉(က)သည် မူလပုဒ်မ ၉၉ ၏ ပြစ်ဒဏ်များနှင့် ဆင်တူပြီး၊ ယခု ဖြည့်စွက်ချက်တွင် "မည်သူမဆို ပုဒ်မ ၁၀၆ အရ ထုတ်ပြန်သည့် နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက် သို့မဟုတ် လုပ်ထုံးလုပ်နည်း တစ်ရပ်ရပ်ကို လိုက်နာရန် ပျက်ကွက်ကြောင်း သို့မဟုတ် ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး တစ်နှစ်မှ အများဆုံး ငါးနှစ်ထိ ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ်သိန်း ၁၀၀ မှ အများဆုံး ကျပ်သိန်း ၅၀၀ အထိ ငွေဒဏ်ဖြစ်စေ ချမှတ်ရမည့်အပြင် ပြစ်မှုနှင့် သက်ဆိုင်သည့် ပစ္စည်းများကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းရမည်"ဟူ၍ ပြဋ္ဌာန်း၏။ ယခင်က ပုဒ်မ ၈၇ တွင် "ကောင်စီက ချမှတ်ထားသည့် စည်းမျဉ်းစည်းကမ်းများ၊ လိုင်စင်ဆိုင်ရာစည်းကမ်းချက်များနှင့် ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို ဖောက်ဖျက်ကြောင်းတွေ့ရှိရသည့် မည်သည့် ရုပ်မြင်သံကြားနှင့်အသံ ထုတ်လွှင့်ခြင်း ဝန်ဆောင်မှုလုပ်ငန်းကိုမဆို ကောင်စီက စီမံခန့်ခွဲမှုဆိုင်ရာ အရေးယူမှုများ ဆောင်ရွက်နိုင်သည်" ဟူ၍ ပြဋ္ဌာန်းခဲ့၏။ ပုဒ်မ ၈၈ ၌မူ "ကျူးလွန်မှု သို့မဟုတ် ချိုးဖောက်မှုအတိုင်းအတာနှင့် အကြိမ်အရေအတွက်ပေါ်

မူတည်၍ ကောင်စီ သည် အောက်ပါစီမံခန့်ခွဲရေးဆိုင်ရာ အရေးယူမှုများ ဆောင်ရွက်နိုင်သည်” ဟူ၍ ပြဋ္ဌာန်းပြီး၊ “သတိပေးစာထုတ်ပြန်ခြင်း” မှသည် “လိုင်စင်ကို ရုပ်သိမ်းခြင်း” အထိ ဖြစ်နိုင်ခြေရှိပြီး လက်လှမ်းမီနိုင်သော စီမံခန့်ခွဲရေးဆိုင်ရာ အရေးယူမှုများကို သတ်မှတ်ပြဋ္ဌာန်းခဲ့၏။

နိုင်ငံတကာဥပဒေအရ လွတ်လပ်စွာ ထုတ်ဖော်ရေးသားပြောဆိုခြင်းအပေါ် ကန့်သတ်မှုများအတွက် ပြဋ္ဌာန်းထားသော စည်းမျဉ်းစည်းကမ်းများကို ချိုးဖောက်လျှင် ပြစ်ဒဏ်တချို့၌ အာမခံပေးထားသည့်တိုင် ထိုပြစ်ဒဏ်တို့သည် ကျူးလွန်သော ပြစ်မှုနှင့် တိုက်ရိုက်အချိုးကျကာ တရားမျှတနေသင့်၏။ ထို့ကြောင့် ပုဒ်မ ၉၂-၉၅ တွင် သတ်မှတ်ထားသော လုပ်ဆောင်ချက်အားလုံးအတွက် ပြစ်ဒဏ်အသီးသီး ချမှတ်ရန် သင့်လျော်သည့်တိုင် ထောင်ဒဏ်ဖြည့်စွက် ပြဋ္ဌာန်းထားခြင်းမှာမူ တရားမျှတမှု လုံး၀ မရှိဘဲ, လွန်ကဲသော ပြစ်ဒဏ်သာ ဖြစ်လေ၏။ ယင်းတို့သည် စီမံခန့်ခွဲရေးဆိုင်ရာ မှားယွင်းမှုမျှသာ ဖြစ်သဖြင့် စီမံခန့်ခွဲရေးဆိုင်ရာအရေးယူမှုများ ဥပမာ– ဒဏ်ငွေကိုသာ ချမှတ်သင့်လေ၏။ အခြားရှုထောင့်မှကြည့်လျှင်လည်း ဤစည်းမျဉ်းများအားလုံးကို ချိုးဖောက်ခြင်းသည် ပုံမှန်အားဖြင့် ငွေကြေးနှင့် စပ်လျဉ်း၍ ထည့်သွင်းစဉ်းစားချက်များကြောင့် ဖြစ်ပေါ်လာရခြင်းဖြစ်သဖြင့် ဘဏ္ဍာရေးပြစ်ဒဏ်ချမှတ်သော နည်းလမ်းဖြင့်သာ ယင်းပြစ်မှုတို့အား ဖြေရှင်းရန် သင့်လျော်၏။

ထို့အပြင် လွတ်မြောက်ခွင့်, ရက်စက်ကြမ်းကြုတ်ပြီး ပုံမှန်မဟုတ်သော ပြစ်ဒဏ်များမှ အကာအကွယ်ရပိုင်ခွင့်နှင့် ရာဇ၀တ်ပြစ်မှု လုပ်ငန်းစဉ်ဆိုင်ရာ အခွင့်အရေးများနှင့် စပ်လျဉ်းသည့် ယေဘုယျအခြေခံမူများအရလည်း မည်သည့်ထောင်ဒဏ်ချမှတ်မှုမျိုးမဆို ရာဇ၀တ်မှုမြောက်သော ပြစ်မှု၏ ဆွဲငင်အားနှင့်အညီ တိကျစွာ အချိုးကျသင့်ကြောင်း ညွှန်ပြနေ၏။ ဤအခြေခံမူများအရ အထူးသဖြင့် “အခြေအနေအမျိုးမျိုး၌ လူအများအပြားအပေါ် နည်းလမ်းမျိုးစုံဖြင့် ကျယ်ကျယ်ပြန့်ပြန့် ကျူးလွန်သော ပြစ်မှုမျိုးအတွက် အနည်းဆုံးပြစ်ဒဏ်များ ပေးခြင်း”သည် လူ့အခွင့်အရေးစံနှုန်းများကို ချိုးဖောက်ရာရောက်သည်ဟု ဆိုလို၏။[4] ၂၀၁၅ ခုနှစ် ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဆိုင်ရာဥပဒေ ပုဒ်မ ၉၂-၉၅ တွင် အကျုံး၀င်သော ပြစ်မှုများ, အထူးသဖြင့် “မည်သူမျှ လိုင်စင်မရှိဘဲ ရုပ်မြင်သံကြားနှင့်အသံထုတ်လွှင့်ခြင်း ၀န်ဆောင်မှုလုပ်ငန်းတစ်ရပ်ရပ်ကို လုပ်ကိုင်ခြင်းမပြုရ” ဟူသော တားမြစ်ချက်အရ ယင်းအတွက် လိုက်နာရမည့် တာ၀န်၀တ္တရားနယ်ပယ်ကို ကျယ်ပြန့်စွာ သော်လည်းကောင်း ကျဉ်းမြောင်းစွာ သော်လည်းကောင်း အဓိပ္ပာယ်ဖွင့်ဆိုလျှင်ဖြစ်စေ/မဖွင့်ဆိုလျှင်ဖြစ်စေ ထိုကျူးလွန်မှုများသည် ထိုပုဒ်မတို့အတွက် သရုပ်ဖော်ပြဋ္ဌာန်းချက်များနှင့် အံ၀င်ခွင်ကျ ဖြစ်နေ၏။ ဥပမာအားဖြင့်– မတူကွဲပြားခြားနားသော ပုဂ္ဂိုလ်အသီးသီးသည် ရေဒီယို သို့မဟုတ် ရုပ်မြင်သံကြားဌာန ဆက်လက်လည်ပတ်ရေးအတွက် တစ်စိတ်တစ်ဒေသအဖြစ် ပါ၀င်နေမည်ဟူ၍ မှတ်ယူနိုင်ရာ ၎င်းတို့အားလုံးသည် (ယခု ဒုတိယအကြိမ် ပြင်ဆင်ချက်ပါ) ဤစည်းမျဉ်းများအရ အဖမ်းဆီးခံရနိုင်၏။ ဆန့်ကျင်ဘက်အားဖြင့် ယခင်က ပြဋ္ဌာန်းခဲ့သော လက်လှမ်းမီနိုင်သော ဒဏ်ငွေများကို ရေဒီယို သို့မဟုတ် ရုပ်မြင်သံကြားဌာနကို ပိုင်ဆိုင်သော ကော်ပိုရိတ်လူကြီးမင်းအပေါ် ကောက်ခံမည်ဟု ယူဆရ၏။

နိဂုံးချုပ်အနေဖြင့် အသစ်ဖြည့်စွက်ထားသော ပုဒ်မ ၁၀၅(က) တွင် “ဤဥပဒေပါ ပြစ်မှုများကို ရဲအရေးယူပိုင်ခွင့်ရှိသော ပြစ်မှုများအဖြစ် သတ်မှတ်သည်”ဟူ၍ ပြင်ဆင်ပြဋ္ဌာန်းထား၏။ ဆိုလိုသည်မှာ ပုံမှန်အားဖြင့် ကြောင်းကျိုးဆီလျော်သော အခြေအနေ ရှိမှသာ ၀ရမ်းမပါဘဲ ဖမ်းဆီးနိုင်ခွင့် ရှိရာမှ ယခုဆိုလျှင် ရဲများသည် ဤကဲ့သို့သော ပြစ်မှုမျိုးအတွက် တရားရုံး၏ ဖမ်း၀ရမ်းမပါဘဲ ဖမ်းဆီးနိုင်သည်ဟု ဆိုလိုသည်။ သာမန်အားဖြင့်

[4] See, for example, R. v. Lloyd, [2016] 1 SCR 130, para. 35 (Supreme Court of Canada), https://scc-csc.lexum.com/scc-csc/scc-csc/en/item/15859/index.do.

အလွန်ပြင်းထန်သော ရာဇဝတ်မှုများဟူ၍ အသိမှတ်ပြုနိုင်သော (ဥပမာအားဖြင့်– လူသတ်မှု, စစ်ဆင်နွှဲတိုက်ခိုက်ခြင်း, မုဒိမ်းကျင့်ခြင်းနှင့် ပြန်ပေးဆွဲခြင်းကဲ့သို့သော) လုပ်ရပ်များအတွက် ပြစ်မှုအမျိုးအစားအတွက်သာ ခွင့်ပြုထားသော်လည်း ရဲတပ်ဖွဲ့ဝင်များ၏ လုပ်ပိုင်ခွင့်အာဏာများကို သီးသန့် တိုးချဲ့ပေးထား၏။[5] ယခုကဲ့သို့ ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဆိုင်ရာဥပဒေကို ချိုးဖောက်မှုမျိုးသည် ထိုရာဇဝတ်ပြစ်မှုများ၏ လေးနက်မှုအဆင့်သို့ ရောက်/မရောက်မှာမူ မေးခွန်းထုတ်ဖွယ် ပြဿနာဖြစ်လေ၏။

## အကြံပြုချက်

- ဖြည့်စွက် ပြဋ္ဌာန်းထားသော ပုဒ်မ ၉၂-၉၅ ပါ ပြစ်ဒဏ်များကိုလည်းကောင်း, အသစ်ဖြည့်စွက် ပြဋ္ဌာန်းထားသော ပုဒ်မ ၉၉(က) နှင့် ၁၀၅(က) တို့ကိုလည်းကောင်း ဖယ်ရှားသင့်၏။

[5] See, for example, Advocate Chikirsha Mohanty, "What is a Cognizable and Non-Cognizable offence in India?" LawRato, 22 September 2021, https://lawrato.com/indian-kanoon/criminal-law/what-is-a-cognizable-and-non-cognizable-offence-in-india-612.